**နိဗ္ဗာန်**

**ဓမ္မအားဖြင့်**

အသင်္ခတ ပရမတ်တရားတကယ်ရှိ၊ အဟုတ်ရှိတရား၊ ပြုပြင်ခြင်း ဖြစ်ပေါ်ခြင်း ပဋိသန္ဓေနေခြင်း မရှိတဲ့တရား

**သင်္ခတံ ဒုက္ခံ၊ အသင်္ခတံ သုခံ၊ ပဋိသန္ဓိ သင်္ခါရာ၊ အပ္ပဋိသန္ဓိ နိဗ္ဗာနံ၊**

**ပဝတ္တံ ဒုက္ခံ၊ အပ္ပဝတ္တံ သုခံ၊ ဥပ္ပါဒေါ ဘယံ၊ အနုပ္ပါဒေါ ခေမံ၊**

**အာယူဟနာ သင်္ခါရာ၊ အနာယူဟနာ နိဗ္ဗာနံ။**

**သင်္ခါရာ ဒုက္ခာ၊ ဝိသင်္ခါရာ သုခါ။**

**အာရုံအားဖြင့်**

ဓမ္မာရုံ၊ ဓမ္မာယတန၊ ဓမ္မဓာတ်၊ (ပဉ္စာရုံ မဟုတ်ပါ) ရုပ်ဓာတ်လည်းမဟုတ်၊ မနောဓာတ်၊

မနောဝိညာဏဓာတ်လည်းမဟုတ်၊ အမတေ(အမြုတေ)ဓာတ်အစစ် ဖြစ်ပျက်ကင်းတဲ့ ဓာတ်ဖြစ်သည်။

**ခန္ဓာအားဖြင့်**

ဘာခန္ဓာမှ မဟုတ်ပါ၊ ခန္ဓဝိမုတ်သာဖြစ်၏၊

ပဉ္စက္ခန္ဓာ၌လည်းမပါ၊ ဥပါဒါနက္ခန္ဓာ၌လည်းအကျုံးမဝင်၊ သို့သော် ဥပါဒါနက္ခန္ဓာနဲ့တော့

တစ်စပ်တည်းဖြစ်တယ်၊ မြင်အောင်ကြည့်တတ်ဘို့တော့လိုတယ်၊ ခက်ခဲလှပါဘိ။

(နိဗ္ဗာနံ ခန္ဓပဋိဗဒ္ဓမေဝ၊ ဝိသုဒ္ဓိမဂ်မဟာဋီကာ)

**သန္တာန်အားဖြင့်**

အပသန္တာန် ဗဟိဒ္ဓတရားဖြစ်တယ်၊ အဇ္ဈတ္တ–အတွင်းမှာ မရှိပါ။ သို့သော် ဂေါစရဇ္ဈတ္တလို့ခေါ်တဲ့

အာရုံတွင်းတရားဖြစ်တယ်၊ လက်တွေ့သဘောနဲ့သာ သိခွင့်ရှိတယ်၊ သဠာယတန(၆)ပါး (နိယကဇ္ဈတ္တ) မှ

အပြင်ဘက်မှာတည်လို့ ဗဟိဒ္ဓဓမ္မာဟု ဟောတာပါ။ (ဂမ္ဘီရကထာ)

**သမ္ပဒါအားဖြင့်**

မည်သည့်နည်းစနစ်ဖြင့်မှ ပယ်မရသည့်တရား၊ နေဝဒဿန န ဘာဝနာသမ္ပဒါ (ထူးခြားမှုရှိ၏)

**အကြောင်းအကျိုးအားဖြင့်**

၂–မျိုး ဖြစ်နိုင်တယ်၊

**အကြောင်းတရား**

အာရုံအကြောင်း(အဘိဓမ္မာနည်း)၊ သံသရာလည်စေသောအကြောင်း ပယ်အပ်သောအကြောင်းမျိုးကား

မဟုတ်ပါ။

**အကျိုးတရား**

သုတ္တန်နည်း၊ အကျိုး အရိယသစ္စာ

**ပဋိသမ္ဘိဒါနည်း** – အတ္ထပဋိသမ္ဘိဒါ

**ပုဂ္ဂိုလ်အားဖြင့်**

အရိယာပုဂ္ဂိုလ်တို့သာ တိုက်ရိုက်မုချသိနိုင်၊ ပုထုဇဉ်ပုဂ္ဂိုလ်တို့သည် အနုမာန (မှန်းဆနည်း) အားဖြင့်သာ သိခွင့်ရှိတယ်။